ဖိုကိုလာရေလှုပ်ရှားမှု

**အသက်ပေးသည့်**
**နှုတ်တော်ထွက်စကား**

ဖေဖေါ်ဝါရီလ ၂၀၁၈

ရေငတ်သောသူအား အသက်၏စမ်းရေမှရေကိုအဖိုးအခမယူဘဲငါပေးမည်။ (ဗျာဒိတ် ၂၁း၆)[၁]

ရှင်ယောဟန်ရေးသားခဲ့သောဗျာဒိတ်တော်ကျမ်းက ညှင်းပမ်းနှိပ်စက်မှုများနှင့်အကြီးအကျယ် ရင်ဆိုင်ကြုံတွေ့နေရသော သူ့ခေတ်အချိန်အခါကခရစ်ယာန်များအား နှစ်သိမ့်မှုနှင့်အားပေးတိုက်တွန်းမှုပြုထားပါသည်။ အမှန်ကထိုကျမ်းသည် သမိုင်းကြောင်းအပေါ် ဘုရားသခင်၏အမြင်နှင့် နောက်ဆုံးသောအချိန်ကာလရောက်သောအခါ ဘုရားသခင်သည် နတ်ဆိုး၏တန်းခိုးသြဇာအားလုံးကို အမှန်တကယ်အောင်နိုင်လိမ့်မည်အကြောင်းဖေါ်ပြသော အမှတ်အသားပြု သရုပ်ဖေါ်ထားသည့် ရုပ်ပုံများစွာပါရှိပါသည်။ ထိုကျမ်းစာကဘုရားသခင်သည် လူ့လောကအတွက် ဦးတည်ရည်မှန်းခဲ့သည့်ပန်းတိုင်သို့ အပြည့်အဝနှင့် ဘုန်းတန်းခိုးကြီးစွာရောက်ရှိလာမည့်အချက်ကို ချီးမွမ်းထောပနာပြုလျက်ရှိသည်။ ယင်းကား ဒုက္ခဝေဒနာခံစားရမှုအားလုံးမှလွတ်မြောက်ခြင်းအတွက်ကတိတော်လည်းဖြစ်သည်။ “ကိုယ်တော်ရှင်သည် သူတို့၏မျက်စိများထဲမှမျက်ရည်ရှိသမျှတို့ကိုသုတ်ပေးတော်မူလိမ့်မည်၊ သေခြင်းသည်လည်းရှိလိမ့်မည်မဟုတ်၊ ဝမ်းနည်းပူဆွေးခြင်း၊ ငိုကြွေးခြင်းနှင့် နာကျင်ခြင်းများသည်လည်း ရှိကြလိမ့်မည်မဟုတ်”(ဗျာဒိတ် ၂၁း၄)။

**ရေငတ်သောသူအား အသက်၏စမ်းရေမှရေကိုအဖိုးအခမယူဘဲငါပေးမည်။ (ဗျာဒိတ် ၂၁း၆)**

မိမိတို့၏အသက်တာ၌ ဘုရားသခင်တကွကိုယ်တော်ရှင်၏စီမံကိန်းတော်များအား ဖေါ်ပြနေသည့်နှုတ်ကပတ်တော်ကို ရိုးစင်းစွာရှာဖွေခြင်းဖြင့် အစပြုသက်ရှင်နေထိုင်ကြသောသူများအားဖြင့် နောက်ဆုံးသောပန်းတိုင်အတွက် ပထမဆုံးနမိတ်လက္ခဏာအားယခုပင်မြင်တွေ့နိုင်ပါပြီ။ ဖြောင့်မတ်ခြင်း၊ တရားမျှတခြင်းနှင့် သဟာယစိတ်ထားရှိခြင်းတို့ကို ဆာငတ်သောစိတ်ရှိခြင်းအားဖြင့်ရှာတွေ့နိုင်ပါသည်။ ဘုရားသခင်ကထိုဆာငတ်သောစိတ်နှင့် အပြည့်အဝသောဆောင်သော ရှာဖွေခြင်းတို့အား ကောင်းမြတ်သောအစပြုခြင်းအဖြစ်ရှုမြင်ပြီး အသက်၏စမ်းရေကိုပေးမည်ဟုပင် ကျွန်ုပ်တို့အား ကတိတော်ပေးထားပါသည်မဟုတ်ပါလား။ ဘုရားသခင်ပေးထားသောကတိတော်မှသက်စမ်းရေသည် အဖိုးအခပေးစရာမလိုပါ။ ဘုရားသခင်နှစ်သက်အားရစေဖို့မျှော်လင့်လျက် မိမိဘာသာကြိုးစားအားထုတ်ကြသူများ အတွက်သာမဟုတ်ဘဲ မိမိတို့၏အားနည်းချက်များကြောင့်ဝန်လေးပင်ပမ်းနေသူများ၊ မိမိကိုယ်ကို ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်၌ ကိုးစားအပ်နှံထားပြီး သူတို့သည်လည်း သက်သာပျောက်ကင်းလျက် စုံလင်သောအသက်တာနှင့် ပျော်ရွှင်ငြိမ်သက်ခြင်းကိုရရှိမည်ဟု ယုံကြည်နေကြသောသူများအားလည်း ပေးလျက်ရှိပါသည်။ ကျွန်ုပ်တို့လည်း ‘မည်သည့်အရာကိုဆာငတ်တောင့်တသနည်း၊ ထို့အပြင် ကျွန်ုပ်တို့၏ဆာငတ်မှုကိုပြေပျောက်စေရန် မည်သည့်စမ်းရေမျိုးနောက်သို့လိုက်ကြမည်နည်း’ ဟု ကိုယ့်ကိုယ်ကို မေးခွန်းထုတ်ကြည့်ကြပါစို့။

**ရေငတ်သောသူအား အသက်၏စမ်းရေမှရေကိုအဖိုးအခမယူဘဲငါပေးမည်။ (ဗျာဒိတ် ၂၁း၆)**

---

[၁] This Word of God for Februaryhas been selected by a group of brothers and sisters from various Churches in Germany, to put into practice throughout the year.

ကျွန်ုပ်တို့သည်ရယူလိုမှုကိုဆာငတ်ခြင်း၊ လူမှုအသိုင်းအဝိုင်းတွင် အရေးပါသောကဏ္ဍကိုဆာငတ်ခြင်း၊ မိမိတို့၏ အစီအစဉ်များအလုပ်ဖြစ်ဖို့ဆာငတ်ခြင်း စသည့် တရားဝင်စိတ်ကူးစိတ်သန်းများက ကျွန်ုပ်တို့အား တစ်ကိုယ်ကောင်းဆန်သည့်စိတ်တို့ဖြင့်လွှမ်းခြုံစေပြီး ကိုယ့်အကျိုးစီးပွားအတွက်သာအားရုံစိုက်မှုကြောင့် အားနည်းသူများအပေါ် ဖိနှိပ်မှုပြုခြင်းကိုဦးတည်လာစေပါသည်။ လူဦးရေထူထပ်ခြင်းသည် သောက်သုံးရေချိုတွင်းများမလောက်မငှဖြစ်မှုနှင့် ရင်ဆိုင်ကြုံတွေ့နေရခြင်းက သက်ရှင်ရပ်တည်ရေးနှင့်ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်သောထိုရေအရင်းအမြစ်ရှားပါးမှု၏ ဘေးအန္တရာယ်ဆိုးကျိုးသက်ရောက်မှုကို လေးလေးနက်နက်သတိပြုစရာဖြစ်သည်။ ကျွန်ုပ်တို့၏စိတ်နှလုံး အတွင်းကျကျသို့ဝင်ကြည့်မည်ဆိုလျှင် ဘုရားသခင်ကိုယ်တော်တိုင် ထိုနေရာ၌ထားရှိသည့် လက်ဆောင်လည်းဖြစ်၊ ထပ်ဆင့်ဝေမျှပေးရမည့်အရာလည်းဖြစ်သည့် ကျွန်ုပ်တို့၏အသက်တာကို ရှင်သန်လိုခြင်းတည်းဟူသော နောက်ထပ်ဆာငတ်ခြင်းတစ်မျိုးကိုတွေ့ရပေမည်။ သို့ဖြစ်လျှင် သန့်ရှင်းသောသက်စမ်းရေကို သမ္မာကျမ်းစာတော်မြတ်မှရယူလျက် ကျွန်ုပ်တို့အပေါ်ဝယ်ဖုံးလွှမ်းနေသည့် အပျက်အစီးများအားလုံးမှလွတ်မြောက်စေရင်း မိမိကိုယ်ကိုလည်း ရက်ရောပေးကမ်းတတ်သောရေတံခွန်ပမာ ပြောင်းလည်းစေဖို့ခွင့်ပြုကာ အသက်တာတစ်လျှောက်တွင် ရင်ဆိုင်ကြုံတွေ့ဖို့မျှော်လင့်ထားသည့် အခက်အခဲများကြောင့်ရပ်တံ့ခြင်းမရှိဘဲလူတိုင်းအား ချစ်ခြင်းမေတ္တာကို အဖိုးအခပေးစရာမလိုဘဲပေးကမ်းကြိုဆိုကြပါစို့။

ခရစ်ယာန်တို့သည်အပြန်အလှန်တုန့်ပြန်ထားရှိသောချစ်ခြင်းမေတ္တာပညတ်တော်ကို လက်တွေ့ဘဝတွင်ကျင့်ကြံကြသောအခါ ကယားရာလူးဘစ်ပြောခဲ့သလိုပင် ကျွန်ုပ်တို့သည်ထူးခြားသောနည်းလမ်းအားဖြင့် ဘုရားသခင်အား ကြားဝင်ဆောင်ရွက်ခွင့်ကိုပေးကြပါသည်။

"ကျွန်ုပ်တို့သည်သမ္မာကျမ်းစာတော်မြတ်အတိုင်း ကျင့်ကြံနေထိုင်ဖို့ကြိုးစားတိုင်း ယင်းက အသက်မြတ်စမ်းရေတစ်ပေါက်ကိုသောက်ရသကဲ့သို့ပင်ဖြစ်သည်။ မှန်ပါသည်၊ အကြောင်းမှာထိုရေသည်အသက်ရှိပြီး တန်ဖိုးရှိလှသည်၊ ၎င်းသည် ကျွန်ုပ်တို့၏နှလုံးသားများမှစီးဆင်းထွက်လာပြီး အချိန်မရွေးလူတိုင်းကို ချစ်ခြင်းမေတ္တာဖြင့် နှလုံးသားတံခါးဖွင့်ကြိုဆိုနိုင်စေသည့်ထူးမြတ်သောရေဖြစ်သည်။ ထိုသွန်းလောင်းလိုက်သောစမ်းရေ၊ ဘုရားသခင်၏သက်စမ်းရေသည် နက်ရှိုင်းသောစမ်းချောင်းများမှ စီးဆင်းလာသည့်ရေထုပမာ အခြားသူများဆာငတ်လျက်ရှိသော ချစ်ခြင်းမေတ္တာပြမှုကြီးငယ်မဟူအတွက် ကျေနပ်ရေငတ်ပြေစေသည်။ အကယ်၍ ကျွန်ုပ်တို့သည် ချစ်ခြင်းမေတ္တာဆက်လက်ပြသမည်ဆိုလျှင် ထိုငြိမ်းချမ်းခြင်းနှင့်အသက်စမ်းရေတံခွန်သည် ခမ်းခြောက်ခြင်းမရှိဘဲ ရေကိုအလျှံပယ်စွာ ထာဝစဉ်အမြဲပေးနေမည်ဖြစ်သည်။ သခင်ယေရှုးကနောက်ထပ်လျှို့ဝှက်ချက်တစ်ခုကို ကျွန်ုပ်တို့အားဖော်ပြခဲ့သည်မှာ မကုန်ဆုံးနိုင်သောရေတွင်းပမာကျွန်ုပ်တို့သည်ခပ်ယူသောက်သုံးနိုင်ပါသည်။ နှစ်ဦး၊ သို့မဟုတ်သုံးဦးတို့သည် ကိုယ်တော်ရှင်၏နာမ၌စုဝေးကြလျှင်၊ ကိုယ်တော်ထားရှိသောချစ်ခြင်းမေတ္တာမျိုးဖြင့် အချင်းချင်းချစ်ကြလျှင် ထိုအရပ်၌ သူတို့အလယ်တွင် ကိုယ်တော်ရှင်သည်ရှိနေပါသည်။ ထို့နောက်ကျွန်ုပ်တို့သည်လည်း လွတ်လပ်ခြင်း၊ ပြည့်ဝသည့်အလင်းရောင်တို့ကိုခံစားရပြီး အသက်စမ်းချောင်းရေသည် ကျွန်ုပ်တို့အတွင်းဝယ်စီးဆင်းနေပါလိမ့်မည်။ သခင်ယေရှုး၏ကတိတော်သည် ပြည့်စုံလာပေလိမ့်မည်၊ အကြောင်းမှာ ရေငတ်ပြေစေသောသက်စမ်းရေတွင်းများသည် ထာဝရတည်ရှိပြီး သခင်ယေရှုးကိုယ်တော်တိုင်က ကျွန်ုပ်တို့အလယ်တွင်ရှိနေခြင်းမှ စီးဆင်းလာသောကြောင့်ပေတည်း။[၂]

*Letizia Magri*

---

[J] Cf. C. Lubich, La fontedella vita, [The source of life] Città Nuova, 46, [2002], 4, p. 7.